လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့
Association of Human Rights Defenders and Promoters
အမှတ် (၈၂)၊ ပထမထပ်၊ နတ်စင်လမ်း၊၊ မကျီးတန်းမြောက်/အရှေ့ ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -09 31704727

# ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးအား အစဖျောက်သုတ်သင်ခြင်း၊ ဥပဒေမဲ့သတ်ဖြတ်ခြင်းအား ကန့်ကွက်ရှုံ့ချခြင်း

ရက်စွဲ -၂၄.၁၀.၂၀၁၄

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့က ကျိုက်မရောမြို့ စက်လှေဆိပ်တွင် မြန်မာစစ်တပ်က အလွတ်တန်းသတင်းထောက် ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးအား ဖမ်းဆီးခဲ့ပါသည်။ ထို့နောက် မြန်မာ့တပ်မတော် ခြေမြန်တပ်ရင်း ၂၀၈တွင် ချုပ်နှောင်ဖမ်းဆီး၍ စစ်ဆေးမေးမြန်းသည်ဟု သိရပါသည်။ ၄င်းနောက် အောက်တိုဘာ ၂၃ ရက်နေ့တွင် မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ) မှနေ၍ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ကိုအောင်ကျော်နိုင်မှာ ကလို့ထူးဘော ကရင်အဖွဲ့အစည်းမှ ဗိုလ်ကြီးအဆင့်ရှိသူတစ်ယောက်ဖြစ်ကြောင်း စစ်ဆေးနေစဉ် အစောင့်တပ်သားထံမှ သေနက်လုယူ၍ ထွက်ပြေးသဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်လာပါသည်။ ကလို့ထူးဘောတပ်ဖွဲ့မှ ၄င်းတို့၏ တပ်ဖွဲ့ဝင် မဟုတ်ကြောင်း ငြင်းဆိုထားပါသည်။ ကိုပါကြီးမှာ ဖြစ်ပေါ်လျက်ရှိသော အစိုးရစစ်တပ်နှင့် DKBA တပ်များ၏တိုက်ပွဲသတင်းကို ဓာတ်ပုံသတင်းရယူသော သတင်းထောက်တစ်ယောက်သာဖြစ်သည်ဟု သိရပါသည်။

၄င်းဖြစ်စဉ်တွင် နိုင်ငံတကာ လက်နက်ကိုင်တပ်ဖွဲ့များ လိုက်နာရမည်ဖြစ်သော သဘောတူညီချက်အရ စစ်ပွဲအတွင်း ဖမ်းဆီးချုပ်နှောင်ခံရသောသူများ၊ လက်နက်ချသူများကို ကိုယ်လက်အင်္ဂါ ချို့ယွင်းအောင်နှိပ်စက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း မပြုလုပ်ရဆိုသည့် သဘောတူညီချက်ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်လိုက်ခြင်းဖြစ်ပေသည်။

ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း သေဆုံးသွားပါက သက်ဆိုင်ရာ ကာယကံရှင်မိသားစု၊ အရပ်ဘက်အုပ်ချုပ်ရေး၊ တရားသူကြီးများကို အလောင်းအပ်နှံ သဂြိုလ်ရန်ဖြစ်သော်လည်း လူ့ဂုဏ်သိက္ခာနှင့် မလျော်ညီစွာ တောတွင်းတစ်နေရာ၌ မြှုပ်နှံခဲ့ခြင်းမှာ အလောင်းဖျောက်ဖျက်မှုကြီးကို စစ်တပ်က ကျူးလွန်ခဲ့ခြင်းဖြစ်ပေသည်။ လူ့ဂုဏ်သိက္ခာနှင့်အညီ မဆက်ဆံခြင်းမှာလည်း လူ့အခွင့်အရေးချိုးဖောက်ခြင်းဖြစ်သည်။

အထက်ပါလုပ်ရပ်များသည် မြန်မာ့တပ်မတော်၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေခဲ့ပါသည်။ ပြုပြင်ပြောင်းလဲရေးကာလဟု ကြွေးကြော်နေသောအခါသမယတွင် စစ်တပ်၏ လုပ်ရပ်သည် နိုင်ငံရေးဖြစ်စဉ်များကို မလိုလားဟု ထင်မြင်စေပါသည်။ စစ်တပ်က ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှု၊ ဥပဒေမဲ့သတ်ဖြတ်ခြင်းများ အရေအတွက်တွင် ထပ်တိုးလာသော ရက်စက်ကြမ်းကြုတ်မှုအဖြစ် ကန့်ကွက် ရှုံ့ချလိုက်ပေသည်။

အဖြစ်မှန်ပေါ်ပေါက်ရေးအတွက် ရာဇဝတ်ကောင်များအား ပြည်သူရှေ့မှောက်တွင် တရားစီရင်စေရန် တောင်းဆိုလိုက်ပါသည်။

## ၄င်းဖြစ်စဉ်တွင် ကျွန်ုပ်တို့ HRDP ၏သဘောထားအရ လူ့အခွင့်အရေးချိုးဖောက်မှုများ

- ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း
- ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း ညှဉ်းပမ်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း
- လက်နက်ကိုင်တပ်ဖွဲ့များအားလုံး လိုက်နာရန်ဖြစ်သော ဂျနီဗာ သဘောတူညီချက် (သုံ့ပန်းများကို ကိုယ်အင်္ဂါထိခိုက်ဆုံးရှုံးစေအောင် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အကြမ်းဖက်သတ်ဖြတ်ခြင်းမပြုရ) ကို ချိုးဖောက်ခြင်း

- ကျူးလွန်သောသူများကို အရေးယူခြင်း မပြုဘဲ ကင်းလွတ်ခွင့်ပေးထားခြင်း
- ဥပဒေမဲ့အလောင်းဖျောက်ဖျက်ခြင်း

**လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့**
**(HRDP)**